## ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလူထုအားကစားလှုပ်ရှားမှု အထိမ်းအမှတ်
## ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာနှင့် ခါတ်ပုံပြိုင်ပွဲ ကျင်းပမည်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးတည်ချက်(၉)ရပ်၌ ပါဝင်သော လူမှုရေး ဦးတည်ချက်(၃)ရပ်တွင် တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး၊ နိုင်ငံ၏ ဖွံ့ဖြိုး တိုးတက်ရေး လုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍအား မြှင့်တင်ဆောင်ရွက်ရေး ဆိုသည့် ဦးတည်ချက်များ ပါရှိခဲ့ပါသည်။ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနအနေဖြင့်လည်း တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေး၊ အားကစားနည်းအလိုက် မျိုးဆက်သစ်များ စဉ်ဆက်မပြတ် ပေါ်ထွက်ရေးနှင့် နိုင်ငံတကာပြိုင်ပွဲများတွင် အောင်မြင်မှုရရှိရေး၊ နိုင်ငံတော်၏ အနာဂတ် တာဝန်များအား ပုခုံးပြောင်း တာဝန်ထမ်းဆောင်ကြမည့် လူငယ်လူရွယ်များ၏ ကျန်းမာကြံ့ခိုင်မှု၊ အသိပညာဗဟုသုတ ပြည့်စုံကြွယ်ဝမှု၊ ဉာဏ်ပညာထက်မြက်မှု၊ မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်ရှိမှု များနှင့် ဗလငါးတန် ပြည့်စုံစေရေး အပါအဝင် လူငယ်လူရွယ်များအား ဘက်စုံထောင့်စုံမှ အရည်အချင်း မြှင့်တင်ပေးနိုင်ရေး လုပ်ငန်းတာဝန်များအား ဆက်စပ်ဝန်ကြီးဌာနများနှင့် ပူးပေါင်း ဆောင်ရွက်လျက်ရှိပါသည်။ ၎င်းအပြင် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးအတွက် အခြေခံ အကျဆုံးဖြစ်သည့် ပြည်သူအများပါဝင်သော လူထုစုပေါင်းလမ်းလျှောက်ပွဲများနှင့် စုပေါင်း အားကစားလှုပ်ရှားမှုများကိုလည်း တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် နှစ်စဉ် ဒီဇင်ဘာလတိုင်း ကျင်းပလျက်ရှိပါသည်။ နိုင်ငံတော်၏ လူမှုရေးဦးတည်ချက်ပါ လုပ်ငန်းတာဝန်များနှင့်အညီ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများ ပိုမိုတိုးတက် အောင်မြင်စေရန် ရည်ရွယ်၍ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလူထုအားကစား လှုပ်ရှားမှုအထိမ်းအမှတ် (ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာနှင့် ခါတ်ပုံ) ပြိုင်ပွဲအား ကျင်းပသွားမည် ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ (ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ) များအတွက် ပြိုင်ပွဲဝင်ရာတွင် ပြိုင်ပွဲဝင်များအနေဖြင့် အားကစား နှင့်လူငယ်ရေးရာဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် အောက်ဖော်ပြပါ ကဏ္ဍတစ်ရပ်စီ အတွက် ထပ်မံတိုးမြှင့်/ပြုပြင်ဆောင်ရွက်သင့်သည့် အကြံပြုချက် အနည်းဆုံး(၃)ချက်နှင့်အထက် အား အသေးစိတ် ဆောင်ရွက်သင့်သည်များကို ရှင်းလင်းပြည့်စုံစွာ ဖော်ပြရေးသား ယှဉ်ပြိုင်ကြ ရမည်ဖြစ်ပါသည်-

(က) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် အားကစားကဏ္ဍတွင် ထပ်မံတိုးမြှင့်/ ပြုပြင်ဆောင်ရွက်သင့်သည့် အချက်များ

(ခ) နိုင်ငံတကာပြိုင်ပွဲများတွင် အောင်မြင်မှုရရှိရေးအတွက် ထပ်မံတိုးမြှင့်/ ပြုပြင် ဆောင်ရွက်သင့်သည့် အချက်များ

(ဂ) ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင် ဆောင်ရွက်နိုင်ရန် ဆောင်ရွက်သင့်သည့် အချက်များ

ဆောင်းပါးပြိုင်ပွဲအတွက် Microsoft Word ဖြင့် Unicode Pyidaungsu, Font Size(13) အရွယ်အစားဖြင့် A4 စာမျက်နှာ(၉) မျက်နှာထက်မနည်း၊ (၁၀)မျက်နှာထက်မများ၊ ဝတ္ထုတိုပြိုင်ပွဲ အတွက် Microsoft Word ဖြင့် Unicode Pyidaungsu, Font Size (13) အရွယ်အစားဖြင့် A4 စာမျက်နှာ (၁၁) မျက်နှာထက်မနည်း၊ (၁၂) မျက်နှာထက်မများ၊ ကဗျာပြိုင်ပွဲအတွက် Microsoft Word ဖြင့် Unicode Pyidaungsu, Font Size (13) အရွယ်အစားဖြင့် A4 စာမျက်နှာ(၅) မျက်နှာထက် မနည်း၊ (၆) မျက်နှာထက်မများ အထက်အပိုဒ်ခွဲ(က၊ ခ၊ ဂ)ပါ အကြောင်းအရာများအပေါ် အခြေခံ၍ မိမိကြိုက်နှစ်သက်ရာ ခေါင်းစဉ်ဖြင့် ရေးသားယှဉ်ပြိုင်နိုင်သည်။

ပြိုင်ပွဲဝင် ရောင်စုံဓာတ်ပုံများကို ၁၀" x ၁၄" အရွယ်ဖြင့် အကန့်အသတ်မရှိ တင်သွင်း ယှဉ်ပြိုင်နိုင်ပြီး ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာ လူထုအားကစား စုပေါင်းလှုပ်ရှားမှု ပေါ်လွင်စေရမည့် အပြင် ဓာတ်ပုံခေါင်းစဉ် ဖော်ပြရမည်။ ယခင်နှစ်များက ပထမ၊ ဒုတိယ၊ တတိယ၊ နှစ်သိမ့်ဆုနှင့် အထူးဆုရရှိပြီးသော ဓာတ်ပုံများအား ပေးပို့ယှဉ်ပြိုင်ခြင်းကို ခွင့်မပြုကြောင်းနှင့် စိစစ်တွေ့ရှိ ရပါက ၎င်းပြိုင်ပွဲဝင် ယှဉ်ပြိုင်ထားသည့် အခြားပြိုင်ပွဲဝင်ဓာတ်ပုံများကိုလည်း ပယ်ဖျက်သွားမည် ဖြစ်ပါသည်။

ဓာတ်ပုံပြိုင်ပွဲဝင်သူများအနေဖြင့် ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလူထုအားကစားလှုပ်ရှားမှုများနှင့် ၂၀၂၄ ခုနှစ်၊ (၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲ အားကစားပြိုင်ပွဲ မှတ်တမ်းဓာတ်ပုံများကို ထည့်သွင်းယှဉ်ပြိုင်နိုင်ပါသည်။

ပြိုင်ပွဲဝင်များအနေဖြင့် ပြိုင်ပွဲဝင်စာမူနှင့် ဓာတ်ပုံများအား အရေအတွက် အကန့်အသတ် မရှိ ပေးပို့ယှဉ်ပြိုင်နိုင်သည်။

အထက်ဖော်ပြပါ ပြိုင်ပွဲဝင် ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာစာမူများနှင့် ဓာတ်ပုံများကို ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ (၁၅)ရက်နေ့ နောက်ဆုံးထား၍ ညွှန်ကြားရေးမှူး၊ လူထုအားကစားနှင့် ပညာပေးဌာနခွဲ၊ အားကစားနှင့်ကာယပညာဦးစီးဌာန၊ ဝဏ္ဏသိဒ္ဓိအားကစားကွင်း Social Zone ၊ နေပြည်တော်သို့ လိပ်မူ၍ **Soft Copy (၁)ချပ်၊ Hard Copy (၁)စုံနှင့်အတူ ပေးပို့ရန်ဖြစ်ပြီး ၎င်းတို့နှင့်အတူ ပြိုင်ပွဲဝင်သူ၏ လိုင်စင်ဓာတ်ပုံ(၂)ပုံ၊ ပေါ်လွင်ထင်ရှားသော နိုင်ငံသားစိစစ်ရေး**

**ကတ်ပြား မိတ္တူမှန်(၁)စောင်၊ ကိုယ်တိုင်ရေးသား/ရိုက်ကူးထားကြောင်း ဝန်ခံချက်တို့ကိုလည်း တပါတည်း ပူးတွဲပေးပို့ ကြရန် ဖြစ်ပါသည်။**

ပြိုင်ပွဲတွင် လက်ခံရရှိသော စာမူများနှင့် ဓာတ်ပုံများအနက် ဆုရရှိသည့် ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာနှင့် ဓာတ်ပုံပြိုင်ပွဲများအတွက် ပထမဆု ကျပ်(၁၀)သိန်း၊ ဒုတိယဆု ကျပ်(၈)သိန်း၊ တတိယဆု ကျပ်(၆)သိန်းနှင့် နှစ်သိမ့်ဆု ကျပ်(၅)သိန်း အသီးသီး ချီးမြှင့်သွားမည် ဖြစ်သည်။

ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုရရှိကြသည့် ဆုရစာမူများအား နေ့စဉ်ထုတ် သတင်းစာများ၊ ဌာနမှထုတ်ဝေသည့် လစဉ်ထုတ်သတင်းလွှာနှင့် အားကစားဂျာနယ်များတွင် ဂုဏ်ပြုဖော်ပြသွားမည်ဖြစ်ရာ စာမူပေးပို့ရန် သတ်မှတ်ရက်ထက် နောက်ကျပေးပို့လာသော စာမူများ၊ ဓာတ်ပုံများ၊ သတ်မှတ်ထားသည့် စာရွက်စာတမ်း၊ အထောက်အထား မပြည့်စုံသော စာမူများနှင့် ဓာတ်ပုံများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ကြောင်း၊ အသေးစိတ် သိရှိလိုပါက တယ်လီဖုန်းနံပါတ် **၀၉-၂၀၀၂၁၉၆၊ ၀၉-၂၅၆၄၈၉၉၂၃၊ ၀၆၇-၈၁၀၄၃၃၅** များသို့ ဆက်သွယ် မေးမြန်းစုံစမ်းနိုင်ပါသည်။